အဲဒီလို CDM ဝန်ထမ်းတွေရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေကြောင့် စစ်ဗျူရိုကရက် အုပ်ချုပ်ရေး ယန္တရားက နိုင်ငံနဲ့ ပြည်သူလူထုအပေါ်မှာ သစ္စာစောင့်သိမှုမရှိတဲ့ Non-CDM ဝန်ထမ်း တွေနဲ့သာ ဆက်လက်လည်ပတ်ခဲ့ပြီး လက်ရှိမှာတော့ ဝန်ကြီးဌာနအသီးသီးရဲ့ Non-CDM ဝန်ထမ်းအကြီးအကဲတွေက နိုင်ငံတော်ပုန်ကန်မှုနဲ့ စစ်ရာဇဝတ်မှု ကျူးလွန်ပြီး တရားမဝင် အစိုးရ ဖွဲ့စည်းထားတဲ့ အကြမ်းဖက်စစ်ကောင်စီရဲ့ အုပ်ချုပ်ရေးအာဏာကို အသက်သွင်းဖို့ ဝန်ထမ်းသစ်တွေကို ခေါ်ယူရာမှာ စစ်ကောင်စီရဲ့ တရားမဝင် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနလည်း ပါဝင်နေတယ်လို့ ဆိုပါတယ်။

ဒါကြောင့်မို့ အကြမ်းဖက်စစ်ကောင်စီက ဖွဲ့စည်းထားတဲ့ အစိုးရက တရားမဝင်အစိုးရ ဖြစ်တာမို့ တရားမဝင်အစိုးရရဲ့ ဝန်ကြီးဌာနကလည်း တရားဝင်မှု မရှိကြောင်းနဲ့ အဲဒီဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ဖို့ လျှောက်ထားတာ၊ တာဝန်ထမ်းဆောင်တာတွေဟာလည်း တရားဝင်မှု မရှိဘူးလို့ ထုတ်ပြန်လိုက်တာပါ။

အကြမ်းဖက်စစ်ကောင်စီဟာ ခုရက်ပိုင်းမှာပဲ ပညာရေးနဲ့ ကျန်းမာရေးဌာနတွေ အပါအဝင် ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်း ၁၄ ခုမှာ လစ်လပ်နေတဲ့ ရာထူးနေရာတွေအတွက် လျှောက်လွှာတွေ ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။

အဆိုပါ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေထဲမှာတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနဲ့ ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေး ဝန်ကြီးဌာန၊ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနဲ့

ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနဲ့ နည်းပညာ ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနဲ့ ဗဟိုဘဏ် စတဲ့ဌာန အဖွဲ့အစည်းတွေအောက်က ရာထူးတွေ အသီးသီး ပါဝင်နေပါတယ်။

လတ်တလောမှာတော့ စစ်တပ် မတရားအာဏာသိမ်းယူထားတဲ့ ကာလဟာ တနှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကာ ဒီကာလတွေအတွင်း အစောပိုင်းကတည်းက အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) တွေမှာ ပါဝင်ခဲ့ကြတဲ့ ပြည်သူ့ဘက်တော်သား နိုင်ငံ့ဝန်ထမ်းတွေဟာလည်း ကြံ့ကြံ့ခံကာ အမှန်တရားဘက်က တသားတည်း ရပ်တည်နေကြဆဲ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/521511

---------------------------------------------------------------------------------------------------

## ပုလဲမြို့နယ် နောရိုးရွာက အိမ် ၃၀၀ ကျော် မီးရှို့ခံရ

2022.03.11



စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်၊ နောရိုးကျေးရွာကို တွေ့ရစဉ်
Photo: Citizen Journalist

စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်၊ နောရိုးကျေးရွာက နေအိမ် ၃၀၀ ကျော် မတ်လ ၁၀ ရက် မနေ့ညက မီးရှို့ခံခဲ့ရတယ်လို့ ဒေသခံတွေက RFA ကို ပြောပါတယ်။

မနေ့ မနက်ပိုင်းက စစ်ကောင်စီတပ်သားတွေနဲ့ ပျူစောထီးအဖွဲ့ဝင်တွေ ရွာကို ဝင်ရောက် လာပြီးနောက် ညပိုင်းမှာ အိမ်တွေ မီးရှို့ခံခဲ့ရတာလို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ဒေသခံတစ်ဦးက ပြောပါတယ်။

**"သူတို့ဝင်လာတော့ ထွက်ပြေးတဲ့လမ်းမှာတွေ့တဲ့ သားအမိနှစ်ယောက်ဆို ဆိုင်ကယ်ကို မီးရှို့ခံလိုက်ရတယ်။ တချို့လည်း ထွက်ပြေးနိုင်တယ်။ တချို့လည်း မပြေးနိုင်ကြဘူး။ ညရောက်တော့ ရွာကို မီးရှို့တယ်။ မီးငြိမ်းသွားရင် ထပ်ရှို့တယ်။ လေးကြိမ်ရှို့တာ။ ပျူစောထီးရွာဖြစ်တဲ့ ဇီးဖြူကုန်းရွာက တချို့က သူတို့ရွာမှာ မနေချင်တော့ ဒီဘက်ရွာကို လာနေကြတာရှိတယ်။ အဲဒါကို လက်ခံထားတာ မကျေနပ်ကြလို့ အခုလိုလုပ်ကြတာ နေမှာ။ ရွာက PDF လည်း မရှိပါဘူး "**

မနေ့က ရွာထဲကို ဝင်ရောက်လာတဲ့ စစ်ကောင်စီတပ်သားတွေနဲ့ ပျူစောထီးအဖွဲ့ဝင်တွေ ဟာ အင်အား ၁၂၀ ခန့်ရှိပြီး ဒီနေ့ မနက်ပိုင်းမှာတော့ ရွာကနေ ထွက်ခွာသွားကြတယ်လို့ သူက ပြောပါတယ်။

နောရိုးကျေးရွာဟာ အိမ်ခြေ ၄၀၀ ကျော်ရှိတဲ့ ရွာကြီးတစ်ရွာဖြစ်ပြီး အဲဒီအထဲက အိမ်ပေါင်း ၃၀၀ ကျော် မီးရှို့ခံခဲ့ ရတာဖြစ်သလို လူပေါင်း ၁၆၀၀ ကျော်ဟာလည်း အခြားဘေးလွတ် ရာကို ထွက်ပြေးတိမ်းရှောင်နေကြရတယ်လို့လည်း ပြောပါတယ်။

စစ်ကောင်စီတပ်သားတွေနဲ့ ပျူစောထီးအဖွဲ့ဝင်တွေဟာ မနေ့ မနက်က နောရိုးရွာကို ရောက်လာချိန် ဒေသခံရှစ်ဦးကို ဖမ်းဆီးခဲ့ပြီး ဒီနေ့ ပြန်ထွက်သွားချိန်မှာတော့ လေးဦးကို ပြန်လွှတ်လိုက်ပေမယ့် ကျန်လေးဦးကိုတော့ ဆက်လက်ဖမ်းဆီးခေါ်ဆောင်သွားတယ် လို့လည်း ဒေသခံတွေက ပြောပါတယ်။

ဖမ်းဆီးခံရသူတွေကတော့ အသက် ၅၆ နှစ်အရွယ် ဦးမှတ်ရှိန်၊ အသက် ၆၄ နှစ်အရွယ် ဦးသန်းဝင်း၊ အသက် ၆၅ နှစ်အရွယ် ဦးရွှေကိုနဲ့ အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦး တို့ဖြစ်တယ်လို့ ပြောပါတယ်။

ဒီနေ့မနက်မှာတော့ စစ်ကောင်စီတပ်သားတွေနဲ့ ပျူစောထီးအဖွဲ့ဝင်တွေဟာ ချောင်းနားကျေးရွာကို ရောက်ရှိ နေကြတယ်လို့ ဒေသခံတွေက ပြောပါတယ်။

နေအိမ်တွေကို မီးရှို့ဖျက်ဆီးခဲ့တယ်ဆိုတဲ့ ပြောဆိုချက်နဲ့ ပတ်သက်လို့ စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ်ဇော်မင်းထွန်း ကို RFA က ဆက်သွယ်မေးမြန်းဖို့ ကြိုးစားနေဆဲ ဖြစ်ပါတယ်။ ယခင်ကတော့ အရပ်သား တွေရဲ့ နေအိမ်တွေကို မီးရှို့စရာ အကြောင်းမရှိကြောင်းနဲ့ ဒါဟာ PDF အဖွဲ့တွေရဲ့ လက်ချက်သာဖြစ်ကြောင်း ဗိုလ်ချုပ် ဇော်မင်းထွန်းက ငြင်းဆိုထားပါတယ်။

ပြီးခဲ့တဲ့လတွေကလည်း ပုလဲမြို့နယ်အတွင်းက ပန်းရွာ၊ လှော်ကားကြီးရွာ၊ ကိုင်းတွင်းရွာ၊ ဇီဖြူကုန်းရွာ၊ ချောင်းဦး ရွာတွေကို စစ်ကောင်စီတပ်သားတွေနဲ့ ပျူစောထီးအဖွဲ့ဝင်တွေ ဝင်ရောက်လာပြီးနောက် နေအိမ်တွေ မီးရှို့ခံခဲ့ရ တယ်လို့ ဒေသခံတွေက ပြောပါတယ်။

https://www.rfa.org/burmese/news/soldiers-burn-down-two-houses-pale-township-03112022024105.html

-----------------------------------------------------------------------------------------

## ယင်းမာပင်တွင် စစ်ကောင်စီတပ်နှင့် PDF ပူးပေါင်းအဖွဲ့ တိုက်ပွဲဖြစ်

Published By DVB | 11 March, 2022

စစ်ကိုင်းတိုင်း ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်မှာ မတ် ၁၁ ရက်နေ့ မနက်ပိုင်းက စတင်ပြီး စစ်ကောင်စီတပ်ဖွဲ့နဲ့ PDF ပူးပေါင်းအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး နှစ်ဘက် အကျအဆုံးတွေ ရှိခဲ့တယ်လို့ သိရပါတယ်။

မတ် ၁၀ ရက်ညက အိုးဘိုကျေးရွာအတွင်းကို တပ်စွဲညအိပ်ခဲ့တဲ့ စစ်ကောင်စီတပ်ဖွဲ့တွေဟာ ဒီနေ့ မတ် ၁၁ ရက် မနက်ပိုင်းမှာ မြောက်နံ့ကျေးရွာဘက်ကို ထွက်ခွာလာစဉ် PDF အဖွဲ့တွေရဲ့ မိုင်းဆွဲတိုက်ခိုက်တာ အပါအဝင် တဖက်နဲ့တဖက် အပြန်အလှန် ပစ်ခတ်ခဲ့ကြတယ်လို့ ဒေသခံတွေက ပြောပါတယ်။

အဲဒီနောက် စစ်ကောင်စီတပ်ဖွဲ့တွေဟာ နတ်တောင့်အရှေ့ရွာဘက်ကို ဆက်လက် ထွက်ခွာလာခဲ့ပြီး နေ့လယ် ၂ နာရီလောက် နတ်တောင့်အရှေ့ရွာ စာသင်ကျောင်းနဲ့ ဘုန်းကြီးကျောင်းကြား တနေရာမှာလည်း PDF အဖွဲ့တွေရဲ့ ထပ်မံ မိုင်းဆွဲတိုက်ခိုက်ခံခဲ့ရတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

PDF ပူးပေါင်းအဖွဲ့တွေရဲ့ တိုက်ခိုက်မှုကြောင့် စစ်ကောင်စီတပ်သားတွေ ကျဆုံးထိခိုက်မှု ရှိခဲ့ပြီး အရေအတွက် အတိအကျ မသိရသေးဘဲ PDF တပ်ဖွဲ့ဝင် ၁ ဦး ကျဆုံးခဲ့တယ်လို့ တိုက်ခိုက်ရေးမှာပါဝင်တဲ့ PDF အဖွဲ့ရဲ့ တာဝန်ရှိသူတဦးက ပြောပါတယ်။

မြောက်နံ့ရွာနဲ့ နတ်တွောင့်ရွာအရှေ့ဘက်မှာ စစ်ကောင်စီတပ်ဖွဲ့ရဲ့ လက်နက်ကြီး ထိမှန်ခဲ့တာကြောင့် Hero Tiger အဖွဲ့ Special 7 Attack Force က ရဲဘော်မင်းခန့် မတ် ၁၁ ရက် မနက် ၁၁ နာရီ ၂၃ မိနစ်မှာ ကျဆုံးခဲ့တာလို့ ဆိုပါတယ်။

စစ်ကောင်စီတပ်ဖွဲ့တွေဟာ ယင်းမာပင်မြို့နယ်အတွင်းကို နယ်မြေရှင်းလင်းရေးပုံစံနဲ့ မတ်လအတွင်း နေ့စဉ်ရက်စက် လှည့်လည်သွားလာနေကြတဲ့အတွက် မြောက်နံ့ရွာ၊ နတ်တောင့်အရှေ့ရွာ၊ နတ်တောင့်အနောက်ရွာ၊ နံ့ကြီးရွာ၊ ရုံးလေးပင်ရွာ၊ ပေါက်ပန်းဖြူရွာ၊ ဆေးကျွန်းရွာ၊ ချောင်းဆုံရွာ စတဲ့ ကျေးရွာပေါင်း ၈ ရွာက ဒေသခံပြည်သူတွေဟာ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေကြရပါတယ်။

https://burmese.dvb.no/archives/521601

---------------------------------------------------------------------------------------------------

## ယင်းမာပင်မြို့နယ်တွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး ၃၂ ဦးသေဆုံး

Published By DVB | 11 March, 2022




စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်ထဲမှာ မတ်လ ၁၁ ရက် ဒီကနေ့ မနက်ပိုင်းက ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်က မိုင်းဆွဲတိုက်ခိုက်ခဲ့တာကြောင့် စစ်ကောင်စီဘက်က ၃၂ ယောက် သေဆုံးခဲ့တယ်လို့ ချင်းတွင်းရိုးမ မဟာမိတ် တပ်ပေါင်းစုက ထုတ်ပြန်ပါတယ်။

အကြမ်းဖက်စစ်အုပ်စုဟာ ပြီးခဲ့တဲ့ မတ် ၈ ရက်က လက်ပံတောရွာက ပြည်သူ ၁၂ ယောက်ကို သတ်ဖြတ်မီးရှို့ခဲ့ပြီး အိုးဘိုရွာမှာ ၁၀ ရက်နေ့အထိ တပ်စွဲခဲ့ကာ ဒီကနေ့မနက် မျောက်နံ့ရွာဘက်ကို ဆင်းလာချိန်မှာ ချင်းတွင်းရိုးမ မဟာမိတ်တပ်ပေါင်းစု၊ ဗိုလ်သူရိန် တပ်ရင်းက ပဒေသာမိုင်း ၁၂ လုံးနဲ့ တိုက်ခိုက်ခဲ့ကြတာလို့ ဆိုပါတယ်။

လတ်တလောမှာတော့ အကြမ်းဖက်စစ်အုပ်စုက ယင်းမာပင်မြို့နယ်၊ မျောက်နံ့ရွာက အပြစ်မဲ့ပြည်သူ ၈ ယောက်ကို ဖမ်းဆီးထားတယ်လို့ သိရပါတယ်။

လက်ရှိ မြန်မာနိုင်ငံမှာ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက် ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်မှုတွေကို ပြည်သူလူထု တရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲနေကြတာပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်ကနေ အပြီးတိုင် ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

ဒါ့အပြင် မြန်မာပြည်တွင်း ပြည်သူ့ခုခံတော်လှန်စစ် အရှိန်မြှင့်ဖြစ်ပွားနေပြီး ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၇ ရက်ကနေ မတ် ၆ ရက်အထိ တလအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင် ၂,၀၉၅ ယောက် သေဆုံးခဲ့တယ်လို့လည်း NUG က ထုတ်ပြန်ထားပါတယ်။

https://burmese.dvb.no/archives/521486

---

## ဒီးမော့ဆိုမြို့နယ် လေကြောင်းတိုက်ခိုက်မှု စစ်ပြေးဒုက္ခသည် ၁ ဦးသေဆုံး၊ ၂ ဦးဒဏ်ရာရ

11 မတ်၊ 2022 | စုမြတ်မွန်

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ထဲမှာ စစ်ပြေးဒုက္ခသည်တွေခိုလှုံနေကြတဲ့ ဒေါရောက်ခူကျေးရွာ အပေါ် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုအတွင်း စစ်ပြေးဒုက္ခသည် ၁ ဦးထက်မနည်း သေဆုံး ပြီး ၂ ဦးအပြင်းအထန် ဒဏ်ရာရခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။ လွိုင်ကော်မြို့ အပါအဝင် စစ်ပြေးဒုက္ခသည် အများအပြားရှိတဲ့ ဒေါရောက်ခူကျေးရွာပေါ် ခုလိုတိုက်ခိုက်ခံရတဲ့အတွက် ရွာခံ တွေရော ဒုက္ခသည်တွေပါ နောက်ထပ်ဘေးလွတ်ရာ ထပ်ပြီး ပုန်းရှောင်နေကြရပါတယ်။ ဒီးမော့ဆို မြို့နယ်ထဲကပဲ ကုန်းသာကျေးရွာမှာလည်း မနက်ပိုင်းကတည်းက တိုက်ပွဲဖြစ်နေပါတယ်။ ဒီအကြောင်း ရန်ကုန်ကလာတဲ့သတင်းကို မစုမြတ်မွန်က တင်ပြပေးထားပါတယ်။

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ထဲက ဒေါရောက်ခူကျေးရွာအပေါ် စစ်ကောင်စီတပ်တွေက ဒီနေ့ မတ်လ ၁၁ ရက် သောကြာနေ့ မနက်အစောပိုင်းကစပြီး လေကြောင်းက တိုက်ခိုက်နေကြောင်း ဒေသခံတွေက ပြောပါတယ်။ အဲဒီရွာမှာ လွိုင်ကော်မြို့က စစ်ပြေးဒုက္ခသည်တွေအပါအဝင် တိုက်ပွဲ ဖြစ်တဲ့ တခြားဒေသတွေက ဒုက္ခသည်တွေလည်း အများအပြားရှိနေတာဖြစ်ပြီး အခုလို တိုက်ခိုက်ခံ ရတဲ့အတွက် စစ်ပြေးဒုက္ခသည် ၁ ဦးထက်မနည်းသေဆုံးပြီး ၂ ဦးအပြင်းအထန် ဒဏ်ရာရခဲ့ပါတယ်။ လေယာဉ် ၅ စီးနဲ့ ဒီနေ့မနက် ၄

နာရီကျော်မှာ တခေါက်နဲ့ မနက် ၆ နာရီကျော်မှာ ဗုံးကြဲတိုက်ခိုက်ခံ ရပြီး ယာယီဒုက္ခသည်စခန်းတွေ ပျက်စီးသွားတယ်လို့ ဒေသခံတယောက်က အခုလို ရှင်းပြပါတယ်။

"မနက် ၄ နာရီ ၁၅ မိနစ်လောက်မှာ သူတို့ ၂ လုံးလာကြဲတယ်ပေါ့နော်။ လေယာဉ် ၂ စီးနဲ့ တစီးကို တလုံးစီးလာကြဲတယ်။ အဲ့မှာ ဒေသခံမဟုတ်ဘဲနဲ့ စစ်ရှောင် လှိုင်ကော်ကနေ ရှောင်လာတဲ့ အရပ်သား ပြည်သူတယောက် ပွဲချင်းပြီးသေတာပေါ့နော်။ နောက်တယောက်က ဒဏ်ရာအကြီးအကျယ်ရတယ်။ နောက်တယောက်ကတော့ မစိုးရိမ်ရတဲ့ ဒဏ်ရာမျိုးရတယ်ပေါ့နော်။ ပြီးတော့ မနက် ၆ နာရီ ၄၅ မိနစ်နဲ့ ၇ နာရီခွဲအထိကို လေယာဉ် ၃ စီးနဲ့ ပေါ့နော်၊ သူတို့ အလှည့်ကျလာပစ်တယ်။ အဲ့မှာ ၈ ကြိမ်လောက် ပစ်သွားတယ်ပေါ့နော်၊ စစ်ရှောင်စခန်းတောင်ပေါ် တနေရာမှာ သူပစ်သွားတယ်ပေါ့နော်။ (ဒုတိယ အကြိမ် ဗုံးကြဲတာ) ထိခိုက်သေဆုံးတာ မရှိတော့ဘူး။ ဒီစစ်ရှောင်စခန်းကို လာပစ်တဲ့အချိန်မှာပေါ့နော်၊ ပထမတခေါက် ကျနော်တို့လူတယောက် သေသွားတဲ့အတွက်ပေါ့နော်။ ဒီအကုန်လုံး နည်းနည်း ကာဗာ ယူနိုင်တဲ့အတွက်ပေါ့နော်၊ ဒီနောက်ထပ်လာပစ်တဲ့ဟာကတော့ ဒီသူတို့ရှောင်နေတဲ့ စခန်းတွေကို တော်တော်များများ ပျက်စီးတယ်ပေါ့နော်။"

ဒေသခံနဲ့ စစ်ပြေးခိုလှုံသူစုစုပေါင်း ၁ သောင်းလောက်ရှိတဲ့ ဒေါရောက်ခူကျေးရွာကို စစ်တပ်က ခုလို တိုက်ခိုက်တာကြောင့် နောက် ထပ် ဘေးကင်းမယ့် နေရာတွေကို ပြောင်းရွှေ့ခိုလှုံဖို့လည်း လုပ်နေကြ တယ်လို့ ပြောပါတယ်။

ဒီးမော့ဆိုမြို့နယ်ထဲမှာ ဒေါရောက်ခူကျေးရွာဘက်မှာ အရင်တိုက်ပွဲတွေ မဖြစ်ဖူးဘဲ စစ်ကောင်စီတပ်က ဘာကြောင့် လေကြောင်းနဲ့ တိုက်ခိုက်လဲဆိုတာ နားမလည်ဘူးလို့ ဒေသခံတွေက ပြောပါတယ်။ ဒေါ ရောက်ခူရွာနဲ့ ၂၅ မိုင်ထက်မနည်း ဝေးတဲ့နေရာတွေမှာတော့ စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ် ရေးတပ်တွေ တိုက်ပွဲတွေဖြစ်နေပါတယ်။

"သူတို့က အများအပြား စစ်ရှောင်ရှိတဲ့နေရာကိုပဲ ရွေးပြီးချတဲ့ပုံစံ၊ မဲပြီး ချတဲ့ ပုံစံမျိုးဖြစ်နေတယ် အခုက။ အဲ့ဒီမှာတော့ တိုက်ပွဲတခါမှမဖြစ်ဖူးဘူးပေါ့နော်။ (တိုက်ပွဲဧရိယာနဲ့)ဝေးတယ်ဗျ၊ အဲ့ဒီ နေရာနဲ့ တော်တော်ဝေးတယ်၊ အဲ့ဒီနေရာတွေ ၂၅ မိုင်၊ မိုင် ၃၀ လောက်ရှိမယ်။"

မနေ့တုန်းကလည်း ဒီးမော့ဆိုမြို့နယ်ထဲက ဒေါင်ခါးကျေးရွာကို လေယာဉ်ပေါ်က ဗုံးကြဲခဲ့လို့ ကက်သလစ် သီလရှင်ကျောင်းတွေနဲ့ လူနေအိမ်တချို့ ပျက်စီးသွားခဲ့ပါသေးတယ်။ ဇန်နဝါရီ ၁၇ ရက်နေ့ကလည်း ဖရူဆိုမြို့နယ် ရီခီးဘူးကျေးရွာက ယာယီစစ်ဘေးဒုက္ခသည်စခန်း ၂ ခုကို စစ် လေယာဉ်နဲ့ ဗုံးကြဲလို့ ကလေးငယ် ၂ ဦးအပါအဝင် ၃ ဦး သေဆုံးခဲ့ရတယ်လို့ ဖရူဆိုမြို့နယ် အနောက်ခြမ်း စစ်ဘေးရှောင်ကူညီစောင့်ရှောက်ရေး ကော်မတီက ဗွီအိုအေကို ပြောဆိုထားပါတယ်။

စစ်ဘေးရှောင်ပြည်သူတွေ ရှိရာဘက်ကို လက်နက်ကြီးနဲ့ ပစ်ခတ်၊ လေကြောင်းနဲ့ ဗုံးကြဲ တိုက်ခိုက်တာ ၆ ကြိမ် ထက်မနည်း ရှိနေပြီလို့ ဒေသခံက ပြောပါတယ်။ ဒီးမော့ဆိုနယ်မြို့နယ်ထဲမှာ စစ်ကောင်စီ တပ်တွေက စစ်ရေးလှုပ်ရှားမှုတွေနဲ့အတူ ဆက်ပြီး ထိုးစစ်ဆင်နေပါတယ်။ တချို့နေရာတွေမှာတော့ ပြည်သူ့ကာကွယ်ရေးတပ်တွေနဲ့ တိုက်ပွဲတွေ ဖြစ်ပွားနေပါတယ်။

ကုန်းသာကျေးရွာတဝိုက်မှာဆိုရင် နေ့စဉ်လိုလို နှစ်ဖက်တိုက်ပွဲတွေ ဖြစ်နေပြီး ဒီနေ့ သောကြာနေ့ မနက်စောစောပိုင်းမှာလည်း တိုက်ပွဲတွေ ဆက်ဖြစ်နေတဲ့အကြောင်း ဒေသခံကပြောပါတယ်။ ဒီနေ့ ကုန်းသာရွာဘက်က တိုက်ပွဲတွေမှာတော့ လေယာဉ်နဲ့ ပစ်ခတ်တာမရှိပေမယ့် မနေ့တုန်းက တိုက်ပွဲမစခင်မှာ လေကြောင်းကနေ အရင် ဗုံးကြဲတိုက်ခိုက်တယ်လို့ ပြောပါတယ်။

"ကုန်းသာတော့ နေ့တိုင်းလိုလိုပဲ အခုက လက်နက်ကြီးပစ်တယ်ဗျ။ နောက်ဗုံးကြဲတာ ဒီနေ့တော့ မကြားရသေးဘူး။ မနေ့ကတော့ တိုက်ပွဲဖြစ်တယ်ဗျ။ ဒါပေမယ့် သူတို့က တိုက်ပွဲမစခင် အာရုံဦး အချိန်ကပေါ့နော်၊ ဗုံးကြဲတယ်ဗျ။ ခန့်မှန်းခြေ အိမ် ၁၀ လုံးထက်မနည်းပေါ့နော် ပျက်စီးသွားတယ်ဗျ။"

ဒီးမော့ဆိုမြို့နယ်ထဲမှာ ၂၀၂၁ ခုနှစ် မေလကုန်ပိုင်းကစပြီး စစ်ကောင်စီတပ်တွေနဲ့ ဒေသခံပြည်သူ့ကာကွယ်ရေးအဖွဲ့တွေကြား တိုက်ပွဲတွေ စတင်ဖြစ်ခဲ့တာပါ။ အဲဒီနောက်ပိုင်း ကြိုကြား ကြိုကြား ဖြစ်ခဲ့တဲ့ တိုက်ပွဲတွေဟာ ဖေဖော်ဝါရီ ၁၆ ရက်နောက်ပိုင်းမှာတော့ နေ့စဉ်ရက်ဆက်ဆိုသလို ဖြစ် နေပါတယ်။ ရက် ၂၀ ကျော် ရှိနေပြီဖြစ်တဲ့ တိုက်ပွဲတွေအတွင်း စစ်တပ်ဘက် လက်နက်ကြီးတွေ၊ လေကြောင်း တိုက်ခိုက်မှုတွေ လုပ်နေတယ်လို့ ဒေသခံတွေက ပြောပါတယ်။

https://burmese.voanews.com/a/demosokayah-airstrike-idpscamps-militarycoup-voa-ကယားဒီးေမာ့ဆို-ေဒါေရာက္ခူ-စစ◌္ေဘးေရွာင္စခန◌္း-ေလေၾကာင◌္းပံုးဆကဲ-စစ◌္ေကာင္စီတပ◌္-ဗီြအိုေအ/6480474.html

---------------------------------------------------------------------------------------------------

## ဒေါရောက်ခူရွာကို စစ်ကောင်စီက လေယာဉ်ဖြင့် ၂ ကြိမ်ဗုံးကြဲ၊ KNDF တပ်ဖွဲ့ဝင် ၁ ဦး ကျဆုံး

Published By DVB | 11 March, 2022




Photo - KNDF

**ကရင်နီ (ကယား) ပြည်နယ်၊ ဒီးမော့ဆိုမြို့ ဒေါရောက်ခူကျေးရွာကို စစ်ကောင်စီက ဒီကနေ့ မတ်လ ၁၁ ရက်နေ့ မနက် ၄ နာရီဝန်းကျင်နဲ့ မနက် ၆ နာရီခွဲတို့မှာ တိုက်လေယာဉ်နဲ့ ဗုံး နှစ်ကြိမ်ကြဲချခဲ့တာကြောင့် KNDF တပ်ဖွဲ့ဝင် ၁ ဦး ကျဆုံးခဲ့ပါတယ်။**

စစ်ရှောင်အများစု နေထိုင်တဲ့ ဒေါရောက်ခူကျေးရွာကို ဒီနေ့မနက် လေယာဉ်နဲ့ ဗုံးကြဲချမှုမှာ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) စခန်းတခုအနီး ကျရောက်ခဲ့ပြီး တပ်ဖွဲ့ဝင်တဦး ကျဆုံးသွားတာလို့ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ KSCC ရဲ့ Humanitarian တာဝန်ခံ ကိုဗညားက ပြောပါတယ်။

"အဲဒီမှာ စစ်ရှောင်တွေရှိတယ်။ တော်တော်လည်းများတယ်။ ဒါပေမယ့် ကံကောင်းတယ်လို့ပဲ ပြောလို့ရမလားပေါ့နော်၊ ဒီမနက်တော့ကြဲတယ်။ ဒေါရောက်ခူဘက်မှာတော့ သူက မနက် ၄ နာရီတကြိမ်လာကြဲတယ်။ နောက်မနက် ၆ နာရီခွဲမှာ ထပ်ကြဲတယ်။ ဒါပေမယ့် သူတို့ ကြဲတဲ့နေရာက စစ်ရှောင်တွေနေတဲ့ ရွာထဲ၊ စစ်ရှောင်တွေနေရာတော့ မဟုတ်ဘူး။ သူတို့ကြဲတဲ့နေရာက KNDF တွေရှိတဲ့ တပ်ကုန်းတခုကို လာကြဲသွားတာပါ။ ကျနော်တို့ ဒီလူထုက ထိခိုက်မှုမရှိဘူး။ KNDF ရဲဘော်တယောက်ကတော့ ထိတယ်လို့ကြားပါတယ်။"

KNDF တပ်ရင်း ၉ ကတော့ မနက် ၇ နာရီလောက် လာရောက် ဗုံးကြဲခံရမှုကြောင့် KNDF B-09 ရဲဘော်တဦး ထိခိုက်ကျဆုံးသွားကြောင်း ထုတ်ပြန်ထားပါတယ်။

ဒေသခံ ရဲဘော်တဦးက "ရဲဘော်တဦးထိ၊ ရဲဘော်တွေနေတဲ့နေရာ ကြဲတာ။ တဦးထိပြီး ကျသွားတာ။ ကျန်တဲ့သူလည်း ဒဏ်ရာရတာရှိတယ်" လို့ ပြောပါတယ်။

အဆိုပါဒေသမှာ တိုက်ပွဲဖြစ်ပွားတာမရှိဘဲ အရပ်သားပြည်သူ စစ်ရှောင်ရှိရာနေရာတွေကို ပစ်မှတ်ထားတိုက်ခိုက်နေတာလို့ ဒေသခံကာကွယ်ရေးတပ်တွေက ပြောဆိုကြပါတယ်။

မနေ့ မတ်လ ၁၀ ရက်နေ့ကတော့ မိုးဗြဲမြို့နယ် ဝါရီဆူပလိုင်ကျေးရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်ကို ကရင်နီပူးပေါင်းတပ်တွေက သွားရောက်တိုက်ခိုက်ခဲ့လို့ နှစ်ဖက်အကြား တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။

မနက် ၈ နာရီကနေ မွန်းလွဲ ၂ နာရီအထိ တိုက်ပွဲကြာမြင့်ခဲ့ပြီး တိုက်ပွဲမှာ KNDF B-03၊ KNDF B-07 ၊KNDF B-11၊ PDF ပူးပေါင်းမဟာမိတ်တပ်ဖွဲ့နဲ့ စစ်ကောင်စီတို့ တိုက်ပွဲဖြစ်ပွားတာလို့ KNDF တပ်ရင်း ၃ က ထုတ်ပြန်ထားပါတယ်။

မိုးဗြဲမြို့နယ်မှာလည်း စစ်ကောင်စီရဲ့ ထိုးစစ်ကြောင့် ဖေဖော်ဝါရီ ၁၆ ရက်နေ့ကစပြီး စစ်ကောင်စီတပ်နဲ့ ကရင်နီပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားနေတာ ရက်ပေါင်း ၂၀ ကျော်ရှိနေပြီဖြစ်ပြီး နှစ်ဖက်အကျအဆုံးလည်း ရှိခဲ့ပါတယ်။

ကရင်နီပြည်နယ်ထဲမှာတော့ စစ်ကောင်စီတပ်တွေဟာ နေ့စဉ်လိုလို လေကြောင်းတိုက်ခိုက်မှုတွေ၊ လက်နက်ကြီးအသုံးပြု တိုက်ခိုက်မှုတွေနဲ့ အင်အားသုံး အကြမ်းဖက်တိုက်ခိုက်မှုတွေ ကျူးလွန်နေကြတာကြောင့် ဘာသာရေးအဆောက်အအုံ၊ လူနေအိမ်တွေ ထိခိုက်ပျက်စီးနေပြီး ဒေသခံပြည်သူတွေ အသက်ထိခိုက်သေဆုံးမှုတွေနဲ့အတူ နေရပ်စွန့်ခွာထွက်ပြေးရမှုတွေလည်း ပိုပြီး မြင့်တက်လာနေတာပါ။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ထုတ်ပြန်ချက်မှာတော့ တပတ်အတွင်း လူငါးသောင်းကျော် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရပြီး ပြီးခဲ့တဲ့ မတ် ၁ ရက်အထိ စုစုပေါင်း ၅ သိန်းကျော်ထိ ရှိလာခဲ့ပြီလို့ ဆိုပါတယ်။

နေရပ်စွန့်ခွာ ပြောင်းရွှေ့နေထိုင်တဲ့ ဒေသတွေမှာ ခိုလှုံစရာနေရာ၊ အစားအစာ၊ သောက်သုံးရေနဲ့ ဆောင်းရာသီသုံးပစ္စည်းတွေ လုံလောက်စွာ မရရှိနိုင်တာကြောင့် တချို့ နေရပ်စွန့်ခွာသူတွေဟာ ရှမ်းပြည်နယ်ကနေ မူလနေထိုင်ရာဒေသဖြစ်တဲ့ ကယားပြည်နယ်ကို ပြန်နေကြပေမယ့် ကယားပြည်နယ်အတွင်း တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေတာကြောင့် သူတို့ဟာ တကျော့ပြန် နေရပ်စွန့်ခွာရဖွယ် ရှိတယ်လို့လည်း ခန့်မှန်းထားပါတယ်။

https://burmese.dvb.no/archives/521540

-----------------------------------------------------------------------------------------------

## မင်းတပ်မြို့ပေါ် လူမနေသည့် နေအိမ်များကို ဖောက်ထွင်း နေထိုင်မည်ဟု စစ်ကောင်စီတပ်ပြော

By မဇ္ဈိမ | 11 March 2022



ချင်းပြည်နယ်၊ မင်းတပ်မြို့ပေါ်ရှိ လူမနေသည့် နေအိမ်များကို စစ်ကောင်စီတပ်က ဖောက်ထွင်းပြီး နေထိုင်မည်ဟု ပြောဆိုခြင်းများ ရှိနေကြောင်း ဒေသခံက ပြောသည်။

"မနေ့က စပြီးတော့ စစ်သားတွေက လာပြောကြတယ်။ လာပြောတယ် ဆိုတာကလည်း သွားရင်းနဲ့ ဟိုအိမ်တွေက လူတွေက ဘယ်သွားလဲ မေးတယ်။ အဆက်အသွယ် ရှိလားလို့လည်း မေးတယ်။ အဆက်အသွယ် ရှိရင် သူတို့ကို ပြောလိုက်။ ဒီမှာ ပြန်လာနေကြ၊ ကိုယ့်အိမ်ကို သန့်ရှင်းရေး ပြန်လာလုပ်ကြ၊ လာမနေကြတဲ့ အိမ်တွေကို ဖောက်ပြီးတော့ ငါတို့နေကြမယ် ဆိုပြီး ခြိမ်းခြောက် ပြောသွားကြတယ်" ဟု မင်းတပ်မြို့ အရှေ့ပြင် ရပ်ကွက်နေသူ တစ်ဦးက ပြောသည်။

ဘဝသစ်ရပ်ကွက် စာတိုက်အနီးတွင် ရှိသော နေအိမ်နှစ်လုံးကို သော့များရိုက်ဖျက်ကာ အိမ်တွင်းရှိ ပစ္စည်းများကို ရွေးချယ် ယူဆောင်ပြီး စစ်ကောင်စီတပ်က ဝင်ရောက် နေထိုင်နေသည် ဟုလည်း မြို့ပေါ်တွင် နေထိုင်သူ တစ်ဦးက ပြောသည်။

လက်ရှိတွင် မင်းတပ်မြို့ ဘဝသစ်ရပ်ကွက် စာတိုက်ရှေ့ရှိ ကျောက်ခင်းလမ်း အဆင့်မြှင့် ကတ္တရာ ခင်းခြင်း လုပ်ငန်းကို စစ်ကောင်စီတပ်၏ လုံခြုံရေး အစောင့်အရှောက်များဖြင့် ဆောင်ရွက် နေသည်။

https://www.mizzimaburmese.com/article/101591

---------------------------------------------------------------------------------------------------

## စစ်တပ်က လူသားဒိုင်းအဖြစ် ဖမ်းဆီးသတ်ဖြတ်ခဲ့သည့် ဆယ်ကျော်သက် ၂ ဦး အပါအဝင် ကျဆုံးပြည်သူ ၁၆၄၂ ဦးရှိလာ

Published By DVB | 11 March, 2022




မြန်မာနိုင်ငံမှာ မတရားအာဏာသိမ်း ၁ နှစ်ကျော်ကာလ စစ်ကောင်စီတပ်တွေ အကြမ်း ဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၁၆၄၂ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၁၂၆၀၀ ယောက်ထိရှိခဲ့တယ်လို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့် ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ် ၁၀ ရက်အထိ အေ အေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ်ကျဆုံးသူတွေဟာ ဒီ ထက်ပိုနိုင်တယ်လို့ ဖော်ပြထားပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၉၅၇၁ ယောက် လက်ရှိချုပ်နှောင်ခံထားရ ဆဲဖြစ်ပြီး အဲဒီထဲက ၈၃၄ ယောက်ကတော့ ထောင်ဒဏ်ချမှတ်ခံထားရပါတယ်။

ပြစ်ဒဏ်ကျခံရသူတွေထဲက အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက်အပါအဝင် ၄၅ ယောက်ကတော့ သေဒဏ်ချမှတ်ခံထားရတယ်လို့ ဆိုပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတာကြောင့် တိမ်းရှောင်နေသူ ၁၉၇၃ ယောက်ထဲက မျက်ကွယ် သေဒဏ်ချမှတ်ခြင်းခံထားရသူ ၃၉ ယောက်အပါအဝင် ၁၁၈ ယောက်ကတော့ မျက်ကွယ် ပြစ်ဒဏ်ချခံထားရပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၈၄ ယောက် ရှိပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မတ် ၆ ရက်က အကြမ်းဖက်စစ်အုပ်စုတပ်တွေဟာ ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့ ပွဲကုန်း (၁) ရပ်ကွက်ကို ဝင်ရောက်စီးနင်းခဲ့ပြီး အသက် ၁၀ နှစ်အရွယ် မောင်လား စရုနဲ့ အသက် ၁၇ နှစ်အရွယ် မောင်ဩဂတ်စတင်းတို့ကို လူသားဒိုင်းအဖြစ်အသုံးပြုဖို့ နေအိမ်အတွင်းမှာ ဝင်ရောက်ဖမ်းဆီးခဲ့ပြီးနောက် ဝါရီဆူးပလိုင်ကျေးရွာအနီးမှာ သတ်ဖြတ်ခဲ့ကြောင်း သိရပါတယ်။

ဒါ့အပြင် မတ် ၄ ရက်မှာတော့ တက်ကြွလှုပ်ရှားသူ ကိုဟိန်းမင်းကိုကို(ခ) ဟိန်းလွင်ထူးကို အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၂၈ နှစ် အမိန့်ချမှတ်ခဲ့တယ်လို့ သိရပါတယ်။ သူ့ကို ထားဝယ်အ ကျဉ်းထောင်တွင်း အထူးတရားရုံးက ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) နဲ့ ထောင်ဒဏ် ၂ နှစ်၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအက်ဥပဒေနဲ့ ထောင်ဒဏ် ၂၆ နှစ် ချမှတ်ခဲ့တာ ဖြစ်ပါတယ်။

ကိုဟိန်းမင်းကိုကို(ခ) ဟိန်းလွင်ထူးဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ မေ ၁၁ ရက်က ထားဝယ်မြို့ ဘုမ္မော်ရပ်ကွက် သပိတ်စစ်ကြောင်းမှာ ပစ်ခတ်ဖမ်းဆီးခံခဲ့ရတာ ဖြစ်ပါတယ်။ ဖမ်းဆီးခံရချိန်က သူ့ကို ရာဘာကျည်နဲ့ အနီးကပ်ပစ်ခတ်ခဲ့တာကြောင့် လက်မောင်းနဲ့ ခြေထောက်မှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့တယ်လို့ သိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေစတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန် ရေးကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကိုသိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒ့ါအပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီးအချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/521403

---------------------------------------------------------------------------------------------------

## လေယာဉ်ဆီတင်ယာဉ် ဖြတ်သန်းမည့်လမ်းတလျှောက် လုံခြုံရေးယူပေးရန် ပေးပို့သည့်ကြေးနန်းစာ လူမှုကွန်ရက်တွင်ပြန့်နေ

**မတ်လ ၁၀ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ**



ထိုင်းနိုင်ငံက တင်သွင်းပြီး ကရင်ပြည်နယ်၊ မြဝတီနယ်စပ်မှတဆင့် လေယာဉ်ဆီတင်ဆောင်လာသည့် ဆီဘောက်ဆာ ယာဉ် ဖြတ်သန်းသွားရာတွင် လမ်းလုံခြုံရေးယူပေးရန် ရဲတပ်ဖွဲ့ကို စစ်ကောင်စီ ပြည်ထဲရေးဝန်ကြီးဌာနက ပေးပို့သည့် လျှို့ဝှက်ကြေးနန်းစာတစ်စောင် လူမှုကွန်ရက်ပေါ်တွင် ပြန့်နှံ့လျှက်ရှိသည်။

National Energy Puma Aviation Services Co., Ltd (NEPAS)က ထိုင်းနိုင်ငံမှတင်သွင်းသည့် လေယာဉ်ဆီတင် ဆီဘောက်စ်ဆာကား ဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက် မတ်လ ၉ရက်နေ့မှ ၁၃ရက်နေ့အတွင်း လမ်းလုံခြုံရေး ယူပေးရန် စစ်ကောင်စီ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ ရဲတပ်ဖွဲ့သို့ မတ်လ ၈ရက် နေ့စွဲဖြင့် လိပ်မူပေးပို့ထားသည့် လျှို့ဝှက်ကြေးနန်းစာ ပေးပို့ထားခြင်းဖြစ်သည်။

အဆိုပါကြေးနန်းစာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓါတုဗေဒလုပ်ငန်းနှင့် Puma Energy Group Pte., Ltd.(PEG)တို့ အကျိုးတူပူးပေါင်း၍ မြန်မာနိုင်ငံတွင် လေယာဉ်ဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ် ငန်းများ ဆောင်ရွက်လျှက်ရှိသည့် National Energy Puma Aviation Services Co., Ltd (NEPAS)က တင်သွင်းခဲ့ပြီး မြဝတီမြို့သို့ ရောက်ရှိနေသော မော်တော်ယာဉ် (Refuller-Liter 20000 ဆံ့ Bowser) တစ်စီးကို ၉-၃-၂၀၂၂ရက်နေ့မှ ၁၃-၃-၂၀၂၂ ရက်နေ့အတွင်း မြဝတီသဃ်န်းညီနောင်-ကော့ကရိတ်-ဘားအံ-သထုံ-ဘီးလင်း-ကျိုက်ထို-မုပ္ပလင်-ဘုရား ကြီး-တောင်ငူမှတဆင့် ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မော်တော်ယာဉ် (Low Bed)အသုံးပြု၍ သယ်ယူပို့ဆောင်မည်ဖြစ်ရာ လုံခြုံရေးယူပေးရန် အကြောင်းကြားစာဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ၇-၃-၂၀၂၂ရက်စွဲပါ စာအမှတ် ရည်ညွှန်းချက်ပါဝင်သည့် အဆိုပါလျှို့ဝှက်စာကို စစ် ကောင်စီ၏ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား လက်ထောက်အတွင်းဝန် ကျော်ကျော်မိုးက လက် မှတ်ရေးထိုးထားသည်ကို တွေ့ရသည်။

ယခုစာပါ လေယာဉ်ဆီတင်ယာဉ်တင်ပို့မည့် ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်မှု၏ အဓိကလမ်းကြောင်းတစ်ခုဖြစ်သော မြဝတီ-ကော့ကရိတ် ဒေါနတောင်ကျော် အာရှလမ်းတွင် ယခင်လများက ဖြတ်သန်းသွားလာနေသည့် ဆီဘောက်ဆာ ယာဉ် ၅စီးထက်မနည်းကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ

ပစ်ခတ်မှုများပြုလုပ်ခဲ့ဘူးပြီး ထိုသို့ပစ်ခတ်မှုများကြောင့် မော် တော်ယာဉ် မီးလောင်ကျွမ်းမှုများဖြစ်ခဲ့သလို ယာဉ်မောင်းနှင့်ယာဉ်အကူ (၃)ဦးအထိ သေဆုံးမှုရှိခဲ့သည်။

https://kicnews.org/2022/03/လေယာဉ်ဆီတင်ယာဉ်-ဖြတ်သန်/

---------------------------------------------------------------------------------------------------

## မြန်မာစစ်ကောင်စီ လုပ်ရပ် ရှုတ်ချတဲ့အဆို ဥရောပပါလီမန် တခဲနက်အတည်ပြု

11 မတ်၊ 2022 | ဗွီအိုအေမြန်မာဌာန

ဥရောပပါလီမန် EP လွှတ်တော်အမတ်တွေက မတ်လ ၁၀ ရက်နေ့မှာ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို ထောက်ခံမဲ ၆၄၆ မဲ၊ ကန့်ကွက်မဲ ၁ မဲ၊ ကြားနေ မဲ ၂၀ နဲ့ အတည်ပြုလိုက်ပါတယ်။

မနှစ်က ဖေဖော်ဝါရီ ၁ ရက်မှာ အာဏာသိမ်းခဲ့တဲ့ စစ်တပ်ကို ဥရောပ လွှတ်တော်အမတ်တွေက ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်ပြီး ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို လေးစားဖို့၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးပြီး အရပ်သားအစိုးရကို အာဏာပြန်ပေးဖို့ အပြင် အားလုံးပါဝင်တဲ့ ဆွေးနွေးပွဲတွေ လုပ်ဖို့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်တဲ့အာဏာသိမ်းစစ်ကောင်စီကို တောင်းဆိုလိုက်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ စစ်တပ်က လူအစုလိုက်အပြုံလိုက် သတ်ဖြတ်တာနဲ့ ကျယ်ပြန့်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ အပါအဝင် ကိုယ့်ပြည်သူအပေါ် ရက်ရက်စက်စက်နှိပ်ကွပ်မှုတွေ ကျူးလွန်နေတာကြောင့် ့ အီးယူ ဥရောပသမဂ္ဂက ပြင်းပြင်းထန်ထန် အရေးယူဒဏ်ခတ်တာကို ကြိုဆိုကြောင်းလည်း ဖော်ပြထားပါတယ်။

အရပ်သားတွေကို နှိမ်နင်းရာမှာ မြန်မာစစ်တပ်က ခုလပိုင်းတွေ အတွင်း အင်အားအလွန်အကျွံသုံး နှိမ်နင်းသလို ဆိုးဝါးတဲ့ လူ့အခွင့်ရေးချိုးဖောက်မှုတွေ ကျူးလွန်နေတာကြောင့် ယူကရိန်းအရေး နိုင်ငံတကာက အာရုံစိုက်နေချိန်မှာ မြန်မာကို မေ့မထားကြဖို့ ဥရောပကော်မရှင် အကြီးအကဲ Joseph Borrell ရဲ့ မှာကြားချက်ကို ဥရောပပါလီမန် မှာ EP ရဲ့ စံတန်ဖိုးနဲ့ ပွင့်လင်းမြင်သာမှုဆိုင်ရာ ဒုတိယအကြီးအကဲ Věra Jourová က ပြောကြားခဲ့ပါတယ်။

အီးယူက မြန်မာစစ်တပ်ကို ဖေဖော်ဝါရီ ၂၁ ရက်မှာ စတုတ္ထ အကြိမ်မြောက် အရေးယူ ဒဏ်ခတ်မှုတွေချမှတ်ခဲ့တာ ကြောင့် အခုဆို မြန်မာစစ်ကောင်စီနဲ့ ပတ်သက်ဆက်နွယ်နေသူ ၆၅ ဦးနဲ့ ကုမ္ပဏီ ၁၀ ခုတို့ကို အရေးယူထားပြီးဖြစ်ကြောင်းနဲ့ ဒီလိုအရေးယူမှုတွေဟာ မြန်မာပြည်သူတွေကို မထိခိုက်အောင် သတိထားလုပ်ဆောင်တာ ဖြစ်သလို အခုချိန်အထိဆို မြန်မာအတွက် ရံပုံငွေ ယူရို ၆၅ သန်း ချထားပေးပြီးဖြစ်ကြောင်းလည်း ပြောပါတယ်။

အီးယူအနေနဲ့ မြန်မာ့အရေး ကုလသမဂ္ဂနဲ့ ASEAN တို့ရဲ့ကြိုးပမ်းမှုကို ထောက်ခံကြောင်းနဲ့ အာဆီယံဆိုင်ရာ အီးယူသံအမတ်ကြီး Igor Driesmans ကို အီးယူရဲ့ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်သစ် အဖြစ်လည်း တာဝန်ယူဖို့ ခန့်အပ်ကြောင်း ပြောပါတယ်။

မြန်မာနိုင်ငံအတွက် တရားမ ျှတမှုနဲ့ တာဝန်ခံမှုရှိစေဖို့ရည်ရွယ်ပြီး ကုလသမဂ္ဂရဲ့ မြန်မာဆိုင်ရာ လွတ်လပ်တဲ့စုံစမ်းစစ်ဆေးရေးယန္တရား IIMM ကိုပံ့ပိုးဖို့ ယူရို ၁ သန်း တိုးမြှင့်ချထားပေးမှာ ဖြစ်ကြောင်းလည်း ပြောပါတယ်။ ဒါ့အပြင် မြန်မာ့အရေးကို နိုင်ငံတကာမှာ အထူးအာရုံစိုက်ရမယ့် ကိစ္စရပ်အဖြစ် ဆက်လက်တည်ရှိနေရေး အတွက် ကုလသမဂ္ဂလူ့အခွင့်ရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းကို အီးယူက တင်သွင်းဖို့ ရှိကြောင်းလည်း ပြောပါတယ်။

https://burmese.voanews.com/a/6479673.html

-----------------------------------------------------------------------------------------------

## မြဝတီ၊ တာချီလိတ်နှင့် မြောက်ပိုင်းမြို့များသို့ သွားလာမှု တရုတ်သတိပေး

By ဧရာဝတီ | 11 March 2022

တရုတ်နိုင်ငံသားများအနေဖြင့် မြန်မာပြည်မြောက်ပိုင်းနှင့် မြဝတီမြို့၊ တာချီလိတ်မြို့များသို့ သွားလာခြင်းနှင့် ပတ်သက်၍ တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက သတိပေးထားကြောင်း ပေါက်ဖော်သတင်းစာမျက်နှာက ယနေ့ဖော်ပြသည်။

အဆိုပါဒေသများတွင် မြင့်မားသောလစာနှုန်းထားဖြင့် အွန်လိုင်းမှ အလုပ်ခေါ်ယူပြီးနောက် တရားမဝင် လောင်းကစားနှင့် လိမ်လည်သည့်လုပ်ငန်းများ အတင်းအကြပ်စေခိုင်းခံရသည့်အပြင် ရိုက်နှက်ခြင်း၊ မတရားဖမ်းဆီး ချုပ်နှောင်ခြင်းနှင့် ငွေညှစ်ခြင်းများကိုလည်း ကြုံတွေ့နေကြရကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုထားသည်။

တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ထိစပ်နေသည့် မြန်မာနိုင်ငံနယ်စပ်တွင် တရားမဝင် လောင်းကစားလုပ်ငန်းများ၊ အွန်လိုင်းမှငွေကြေးလိမ်လည်သည့် လုပ်ငန်းများတွင် ပြည်တွင်းရှိ လူငယ်များအား လစာနှုန်းမြင့်မားစွာဖြင့် စည်းရုံးခေါ်ဆောင်ကာ တရားမဝင်လုပ်ငန်းများအား အတင်းအကြပ်ခိုင်းစေမှုများရှိနေကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူများက ဧရာဝတီသို့ပြောထားသည်။

ပြီးခဲ့သည့်နှစ်အတွင်းကလည်း မြဝတီမြို့ရှိ တရုတ်ရာဇဝတ်ဂိုဏ်းအချို့က မြန်မာလူငယ်များအား အကောင့်အတုများဖြင့် အွန်လိုင်းမှ လိမ်လည်ရသည့်အလုပ်များ အတင်းအကြပ်စေခိုင်းခဲ့ပြီး မလုပ်နိုင်၍ ပြန်မည်ဆိုပါက လျော်ကြေးပေးရကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ရန်ကုန်မြို့မှ လူငယ်တဦးက ပြောထားသည်။

မြန်မာနိုင်ငံရှိ တရုတ်နိုင်ငံသားများအနေဖြင့် ဥပဒေအား တင်းတင်းကျပ်ကျပ် လိုက်နာကြရန်၊ အင်တာနက်လိမ်လည်မှု၊ လောင်းကစားမှုကဲ့သို့သော တရားမဝင်လုပ်ရှားမှုများအား ကင်းဝေးရှောင်ရှားရန်၊ မိမိ၏ တကိုယ်ရေ လုံခြုံမှုအား ဂရုစိုက်ရန်နှင့် လိမ်လည်မှုလောင်းကစားနှင့်ပတ်သက်သည့် အချက်အလက် များအား အချိန်မီ သတင်းပေးပို့ သင့်ကြောင်းလည်း ၎င်းတို့က သတိပေးနှိုးဆော်ထားသည်။

၎င်းသတိပေးချက်များအား ဖေဖော်ဝါရီ ၂၈ ရက်နေ့က ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့အထိ အကျုံးဝင်ကြောင်းလည်း သိရသည်။

https://burma.irrawaddy.com/news/2022/03/11/250485.html

------------------------------------------------------------------------------------------------------

## Sasakawa ငြိမ်းချမ်းရေးခရီး ဘယ်အထိ ပေါက်ရောက်မလဲ

11 မတ်၊ 2022 | ဝင်းမင်း

မြန်မာ့ငြိမ်းချမ်းရေးကြားဝင်ဆောင်ရွက်သူ နိပွန်ဖေါင်ဒေးရှင်း ဥက္ကဌ Sasakawa နဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ မတ်လ ၁၀ ရက်နေ့က ထိုင်းနိုင်ငံ ၊ ချင်းမိုင်မြို့မှာတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ် ခရီးစဉ်ကိစ္စနဲ့ လူသားခြင်း စာနာမှုဆိုင်ရာ အကူအညီတွေအတွက် ဆွေးနွေးခဲ့ကြပါတယ်။

ဆာဆာကာဝါဟာ ဒီအစည်းအဝေးမတိုင်ခင်၊ အာဆီယံဥက္ကဌ ကမ္ဘောဒီယားဝန်ကြီးချုပ် နဲ့ တွေ့ဆုံခဲ့သလို၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးတို့နဲ့လည်းတွေ့ဆုံခဲ့ပါတယ်။ ဆာဆာကာဝါရဲ့ခရီးစဉ်နဲ့သူရဲ့ကြိုးပမ်းမှုကနေ ဘာတွေမျှော်လင့်နိုင်ပါမလဲ။ ဒီအကြောင်းအရာတွေကို

ဆာဆာကာဝါနဲ့တွေ့ဆုံခဲ့သူတချို့အပါအဝင်၊ သုံးသပ်သူတချို့နဲ့ဆက်သွယ်မေးမြန်းပြီး ကိုဝင်းမင်းက တင်ပြထားပါတယ်။

ကိုဝင်းမင်း ။. ။ မြန်မာပြန်လည်သင့်မြတ်ရေး အထူးကိုယ်စားလှယ် ဂျပန် နီပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဆာဆာကာဝါ အနေနဲ့ ကရင်၊ ရှမ်း ၊ ကရင်နီ လက်နက်ကိုင်တပ် KNU,RCSS, KNPP တို့အပြင် တနိုင်ငံလုံး အပစ်ရပ်စာချုပ် NCA လက်နက်ကိုင် ၁၀ဖွဲ့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဖွဲ့ PPST နဲ့ တွေ့ရာမှာ ထူးခြားချက်ကိုတွေ့ဆုံခဲ့တဲ့ PPST ဦးဆောင်အဖွဲ့ဝင် ဗိုလ်မှူးကြီးခွန်ဥက္ကာ က .

ခွန်ဥက္ကာ။. ။ အာဆီယံ ကိုယ်စားလှယ်သွားမယ် ခရီးစဉ်အပေါ် သူအနေနဲ့ အထောက်ကူပြုမယ်ဆိုတာပါပဲ။ သူက လက်တွေ့အထောက်ကူဖြစ်အောင် တိုက်တွန်းမယ်။ သူအတွေ့အကြုံကို ရှင်းပြမယ့်သဘောပါ။ ဒါကြောင့် ကျနော်တို့ကလည်း ပူးပေါင်းဆောင်ရွက်မယ်။ အဓိကကတော့ ဆင်းရဲဒုက္ခရောက်နေတဲ့ ပြည်သူလူထုကို အကူအညီပေးဖို့ပေါ့ဗျာ။ ဒုက္ခသည်တွေကို ကူညီဖို့ ပေါ့ဗျာ။

ကိုဝင်းမင်း ။. ။ ဒါအပြင် လက်ရှိ ချင်းမိုင် ကို ရောက်နေတဲ့ ISP မြန်မာ့ မဟာဗျူဟာနဲ့ မူဝါဒလေ့လာရေးအဖွဲ့က ညွှန်ကြားရေးမှူး ဦးအောင်သူငြိမ်း ကလည်း

ဦးအောင်သူငြိမ်း (ISP မဟာဗျူဟာနဲ့ မူဝါဒလေ့လာရေးအဖွဲ့) ။. ။ လူသားချင်းစာနာမှု Humanitarian Ground ကနေ တဖြည်းဖြည်းနဲ့ ရှေ့ဆက်တိုးလို့ရအောင် ချည်းကပ်ချင်တဲ့သဘောရပါတယ်။ တဖက်ကလည်း ဘယ်လိုပြသာနာရှိလဲဆိုတော့ တလောလေးက နိုင်ငံခြားရေးဌာန စစ်ကောင်စီက ကြေညာချက်ထုတ်တဲ့အခါမှာ နိုင်ငံတကာက ဒီလို ကြားဝင်ဖြန်ဖြေမှုတွေဝင်လုပ်တဲ့ကိစ္စတွေမှာ သူတို့က မောင်နှင်တဲ့နေရာမှာ နေမယ်ဆိုတဲ့ကိစ္စမှာ လုပ်ရကိုင်ရ သိပ်တော့လွယ်တဲ့ပုံစံမရပါဘူး။ နောက်တခုကကြတော့လည်း လက်ရှိ NUG တို့ New Plan တို့ကိုလည်း အကြမ်းဖက်အုပ်စုအနေနဲ့ ကြေညာထားတယ်ပေါ့ဗျာ။ တွေ့ဆုံဆွေးနွေးဖို့မရှိဘူးဆိုပြီးကြေညာထားတယ်။ ပြသာနာတွေကတော့ ပြေလည်ဖို့ ခက်မယ်ထင်တယ်။

ကိုဝင်းမင်း ။. ။ ဆာဆာကာဝါ အနေနဲ့ အခုထိုင်းနိုင်ငံ မတိုင်ခင် တနင်္လာနေ့က ကမ္ဘောဒီယားနဲ့ စနေက အင်ဒိုနီးရှား ခရီးတွေကိုလည်း ထူးထူးခြားခြား ဆွေးနွေးခဲ့တာတွေကိုလည်း ရှင်းပြခဲ့တယ်လို့ ဗိုလ်မှူးကြီး ခွန်ဥက္ကာ က ပြောပြပါတယ်။

ခွန်ဥက္ကာ ။. ။ ကမ္ဘောဒီယားမှာက ဟွန်ဆန်နဲ့လည်း တွေ့တယ်။ အာဆီယံ အထူးသံတမန်နဲ့လည်းတွေ့တယ်။ ဟွန်ဆန် နဲ့ မိတ်ဆွေဖြစ်တာ အနှစ် ၃၀ ရှိပြီတဲ့။ ဟွန်ဆန် က သူပြောတယ်တဲ့ သူဥက္ကဋ္ဌ ဖြစ်တုံးမှာ အကြံပေးအဖြစ်ခန့်ဖို့တဲ့။ အကြံပေးခန့်တာတော့ သူလက်မခံသေးဘူးပေါ့။ ဒါပေမယ့် လိုအပ်တဲ့အကူအညီတွေပေးမယ်ပေါ့။ အထူးကိုယ်စားလှယ် ခရီးစဉ်မှာ ပူးပေါင်းဆောင်ရွက်မယ်လို့တော့ သူပြောတယ်။ လိုအပ်တာကိုတော့ ပန့်ပိုးမှာပေါ့ဗျာ။ ကမ္ဘောဒီးယားပြီးရင် ရှေ့နှစ်မှာ အင်ဒိုနီးရှားကလည်း ဥက္ကဋ္ဌဖြစ်မယ်ပေါ့။ အင်ဒိုနီးရှားမှာ နိုင်ငံခြားရေးအမျိုးသမီးနဲ့ ၂ နာရီကြာဆွေးနွေးရတယ်တဲ့။ ပါဝင်သင့် ပါထိုက်တဲ့သူတွေနဲ့ စကားပြောမယ်ဆိုတာ မှန်ပေမယ့် စစချင်းတော့ အားလုံး မပါနိုင်ဘူး။ ပါနိုင်တဲ့ လူတွေက လုပ်နိုင်သလောက်လုပ်ထားကြပေါ့။ ဥပမာ ဒုက္ခသည်တွေကယ်နိုင်မလား။ အကူညီပေးရေးကို လုပ်နိုင်သလောက်လုပ်ထားပေါ့။ လက်ရှိအခြေအနေကိုတော့ ဘယ်သူမှ ကြည့်မနေချင်ဘူးပေါ့။ နည်းလမ်းရှာကြံကြဖို့ပေါ့။

ကိုဝင်းမင်း ။. ။ ဒါအပြင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးနဲ့ ဆာဆာကာဝါ ဆွေးနွေးခဲ့တာကိုလည်း ဗိုလ်မှူးကြီး ခွန်ဥက္ကာက

ခွန်ဥက္ကာ ။. ။ ဗမာပြည်အရေး နည်းလမ်းရှာကြဖို့ ဒီအတိုင်းလွှတ်ထားရင်တော့ လူထုသိပ်နာတာပေါ့ဗျာ။ အထူးသဖြင့်တော့ လူသားချင်းစာနာမှုအကူအညီပေါ့ဗျာ။ ဒါကြောင့် တာဝန်တကယ်ရှိတဲ့ အာဆီယံတိုင်းပြည်တွေက လက်တွေ့ထိထိရောက်ရောက်တခုခုလုပ်ပါလို့ သူတိုက်တွန်းခဲ့ပါတယ်တဲ့။ မနက်ဖန်

ဘန်ကောက်ပြန် ၊သဘာက်ခါ ဂျပန်ပြန်မယ်တဲ့။ အဲဒီတော့ အခုခရီးစဉ်ကနေ ဘာမျှော်လင့်နိုင်ပါသလဲလို့ မေးရာမှာ ဦးအောင်သူငြိမ်း က

ဦးအောင်သူငြိမ်း ။. ။ အာဆီယံက ဗမာပြည်အရေးမှာ တကယ်ကို သဘောထားကွဲတော့ အုပ်စုကွဲနေပါတယ်။ ဒါတွေကို အထူးကိုယ်စားလှယ်အနေနဲ့ ဘယ်လိုလုပ်မလဲပေ့ါ။ တကယ်လို့သား လူသားချင်းစာနာမှုဆိုင်ရာ နဲ့လုပ်ဆောင်မယ်ဆိုရင်တော့ လမ်းစပွင့်တယ်ပြောရပါမယ်။ သိပ်တော့အများကြီး မျှော်လင့်လို့မရပါဘူး။

ကိုဝင်းမင်း ။. ။ မြန်မာဆိုင်ရာ အာဆီယံ အထူးကိုယ်စားလှယ် ကမ္ဘောဒီယား နိုင်ငံခြားရေးဝန်ကြီးအနေနဲ့ မြန်မာနိုင်ငံကို ဒီလထဲ မကြာခင် သွားရောက်ဖို့ တရုတ်အထူးသံလှုပ်ရှားမှုနည်းလာချိန်နဲ့ ကုလအထူးသံလှုပ်ရှားမှုမစသေးခင်မှာ ဂျပန်အထူးသံခရီးစဉ်ဖြစ်လာတာလို့ သုံးသပ်မှုတွေရှိလာပါတယ်။

https://burmese.voanews.com/a/sasakawa-asean/6479794.html

----------------------------------------------------------------------------------------------------

## မြဝတီ-ကော့ကရိတ် အာရှလမ်းတွင် တံတား ၁ စင်း မိုင်းခွဲခံရ၊ ကေအန်ယူက လမ်းပိတ်ထား

Published By DVB | 11 March, 2022

**ကရင်ပြည်နယ် မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးကို မတ်လ ၁၁ ရက် ဒီကနေ့မနက် ၈ နာရီကနေ စတင်ပြီး ရက်အကန့်အသတ်မရှိ ပိတ်လိုက်တယ်လို့ ကေအန်အယ်လ်အေ တာဝန်ရှိသူတယောက်က ပြောပါတယ်။**

ကေအန်ယူက ခုလို လမ်းပိတ်လိုက်တယ်လို့ပြောပေမဲ့ တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိသေးတာကြောင့် ခရီးသွားလာသူတွေကတော့ ဆက်လက်သွားလာနေကြပြီး ကားတွေကတော့ မှန်ဖွင့်မောင်းနေကြတယ်လို့ ခရီးသွားပြည်သူတွေထံက သိရပါတယ်။

ကေအန်အယ်လ်အေ တပ်မဟာ ၆ နယ်မြေကနေ စစ်ကောင်စီတပ်တွေ ဆုတ်ခွာဖို့ သတိပေးထားသလို စစ်ကောင်စီတပ်တွေကို ထောက်ပံ့ပေးနေတဲ့ လေယာဉ်ဆီတွေ မသယ်နိုင်အောင် အခုလို လမ်းပိတ်တာ ဖြစ်နိုင်တယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဒီနေ့ မွန်းတည့် ၁၂ နာရီအချိန်မှာ မြဝတီ-ကော့ကရိတ် အာရှလမ်း တောနော်ရေတံခွန်ရှေ့ လမ်းတံတားတခု ဖောက်ခွဲဖျက်ဆီးခံရပြီး တခြမ်းပျက်စီးသွားတဲ့တွက် ကုန်တင်ကားကြီးတွေ သွားမရတော့ဘဲ ကားအသေးတွေသာ ဖြတ်သွားလို့ရတယ်လို့လည်း ကော့ကရိတ် ဒေသခံတဦးက ပြောပါတယ်။

ဒီနေ့မနက် ၈ နာရီလောက်ကနေ အခုမွန်းလွဲပိုင်းလောက်ထိ ကော့ကရိတ်မြို့နယ်အခြေစိုက် လက်နက်ကြီးကုန်းကနေ စစ်ကောင်စီတပ်က ကြာအင်းဆိပ်ကြီးဘက်နဲ့ ရွာသစ်မြို့ဟောင်းဘက်ကို လက်နက်ကြီးနဲ့ ပစ်ခတ်တိုက်ခိုက်နေပြီး ထိခိုက်ဒဏ်ရာရသူတော့ မရှိဘူးလို့ သိရပါတယ်။

မြဝတီမြို့နယ် လေးကေ့ကော်ဒေသမှာတော့ ပြီးခဲ့တဲ့ရက်က တိုက်ပွဲတွေ ဆက်တိုက်ဖြစ်ပွားခဲ့ပေမဲ့ ဒီကနေ့မနက်တော့ တိုက်ပွဲဖြစ်ပွားတာ မရှိပါဘူး။

https://burmese.dvb.no/archives/521547

----------------------------------------------------------------------------------------------------

## KNU တပ်မဟာ (၆) က စစ်ကောင်စီတပ်ရုပ်ဖို့အသိပေးတဲ့ကြားက တပ်တွေ ပိုတိုးချနေ

11 မတ်၊ 2022 | အေးအေးမာ

ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၆) နယ်မြေဖြစ်တဲ့ မြဝတီခရိုင်( ဒူးပလာယာခရိုင်) လေးကေ့ ကော်ဒေသနဲ့ ကော့ကရိတ်မြို့ တောင်ပိုင်းမှာ တပ်စွဲနေရာယူထားတဲ့ စစ်ကောင်စီတပ်တွေကို ဒီနေ့ မတ်လ ၁၁

ရက် နောက်ဆုံးထားပြီး ဖယ်ရှားပေးဖို့ အသိပေးထားပါတယ်။ ဒါပေမယ့် စစ်ကောင်စီတပ် တွေက မဆုတ်ခွါတဲ့အပြင် ၃ ရက်အတွင်း မြဝတီခရိုင်ထဲကို တပ်တွေ ပိုတိုးရောက်လာတယ်လို့ KNU ဘက်ကပြောပါတယ်။ အဲဒီလိုအခြေအနေကြောင့် တိုက်ပွဲဖြစ်မယ့်အလားအလာများနေတယ်လို့ KNU ဘက်ကပြောပါတယ်။ ဒီအကြောင်း ထိုင်းအခြေစိုက် ဗွီအိုအေသတင်းထောက်မအေးအေးမာ သတင်းပေးပို့ထားပါတယ်။

ကရင်အမျိုးသားအစည်းအရုံးတပ်မဟာ (၆) နယ်မြေဖြစ်တဲ့ မြဝတီခရိုင် (ဒူးပလာခရိုင်)၊ လေးကေ့ ကော်နဲ့ ကောကရိတ်မြို့တောင်ပိုင်းတွေမှာ စစ်ကောင်စီတပ်တွေ တပ်စွဲနေရာယူထားပြီး မကြာခန တိုက်ပွဲတွေဖြစ်နေတာပါ။ တိုက်ပွဲတွေအတွင်း လက်နက်ကြီးကျည်ဆံတွေ ကျေးရွာတွေထဲ ကျတဲ့ အတွက် ဒေသခံတွေ သေဆုံးဒဏ်ရာရကြသလို နေအိမ်တွေကို စွန့်ခွာထွက်ပြေးနေရပါတယ်။ ဒါကြောင့် ကေအန်ယူတပ်မဟာ (၆) က တာဝန်ရှိသူတွေက စစ်ကောင်စီတပ်တွေ ၃ ရက်အတွင်း ဖယ်ရှားဖို့ တောင်းဆိုထားပေမယ့် ၃ ရက်ပြည့်တဲ့ ဒီနေ့ မတ်လ ၁၁ ရက်နေ့မှာတော့ စစ်ကောင်စီ ဘက်က တပ်တွေတိုးချဲ့ ရောက်လာတယ်လို့ KNU ကပြောပါတယ်။ လက်ရှိအခြေအနေအရ တိုက်ပွဲတွေဖြစ်လာမယ့် အလားအလာများနေတယ်လို့ KNUရဲ့ နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဖဒိုစောတောနီးက အခုလိုပြောပြပါတယ်။

“မနက်တုန်းက ၈ နာရီလောက်က တပ်တွေအများကြီးတိုးလာတယ်ပြောတယ်။ ဘယ်လောက်ထိ တိုးလာလဲဆိုတာတော့ ပြောမရသေးဘူး။ မဆုတ်ခွါတဲ့အပြင် တပ်တွေတိုးလာတယ်။ နောက်ပြီးတော့ ဝန်တင်မြင်းတွေ လားတွေလည်း ပါတယ်။ နယ်မြေထဲ ကျူံဝင်လာပြီဆိုရင်တော့ တိုက်ပွဲတွေဖြစ်ဖို့ကတော့ အလားအလာ အများကြီးရှိတယ်။”

မတ်လ ၉ ရက်နေ့ကစလို့ ၃ ရက်အတွင်း စစ်ကောင်စီတပ်တွေ ဖယ်ရှားပေးဖို့ KNU ဘက်က တောင်းဆိုပြီးတဲ့နောက်မှာလည်း စစ်ကောင်စီဘက်က လေယာဉ်တွေနဲ့ ဗုံးကြဲတိုက်ခိုက်တာတွေ ရှိတယ်လို့ ပြောပါတယ်။

“ပြောပြီးတာနဲ့ လေယာဉ်နဲ့လည်း ရောက်လာတယ်။ ပစ်တာကတော့ ပျံလာတဲ့အချိန်မှာပစ်ချတယ် ဟိုး မြဝတီမြို့စွန်နားမှာလည်း တလုံးကျတယ်။ အဲဒီလေယာဉ်မတိုင်ခင်ကလည်း သုံးလေး ငါးရက် ကတည်းက တိုက်ပွဲက ကြို့ကြားဖြစ်နေတာပါ။”

လေးကေ့ကော်ဒေသနဲ့ အနီးတဝိုက်ကျေးရွာပေါင်း ၁၀ ရွာကျော်က စစ်ပြေးဒုက္ခသည်တွေဟာ သောရင်းမြစ်ကမ်းတလျှောက်နဲ့ တောတောင်တွေထဲ ပုန်းခိုနေကြရတာ ၃ လလောက်ရှိနေပြီဖြစ်ပေမဲ့ နေရပ်လည်း မပြန်ရဲကြသေးပါဘူး။ သူတို့ရွာတွေနား၊ တိုက်ပွဲတွေ ဆက်ဖြစ်နေပြီး လက်နက်ကြီးတွေ၊ လေကြောင်းတိုက်ခိုက်မှုတွေကြောင့် မပြန်ရဲကြတာဖြစ်ပါတယ်။ အခုထပ်ပြီး စစ်တပ်ဘက်က အင်အားတွေ တိုးချဲ့နေတဲ့အတွက် ဒုက္ခသည်တွေ တောတောင်တွေထဲ ဆက်လက်နေထိုင်ရမယ့် အခြေအနေရှိနေတယ်လို့လည်း ဖဒိုစောတောနီးက ပြောပါတယ်။

“ဒီအတိုင်းဆိုရင်တော့ စစ်ဘေးရှောင်တွေအနေအထားက ပြန်ဖို့ အလားအလာမသေချာဘူး။ လက်ရှိပြေးလွှားနေတဲ့နေရာတွေမှာပဲ နေကြရအုန်းမယ်။ ပြန်လာလို့ မရသေးဘူး။”

ကရင်ပြည်နယ် လေးကေ့ကော်ဒေသမှာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ကစပြီး တိုက်ပွဲတွေ ဖြစ်ခဲ့သလို ကော့ကရိတ်မြို့နယ်ထဲမှာလည်း တိုက်ပွဲတွေဖြစ်နေတာပါ။ ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၆) နယ်မြေအပါအဝင် တပ်မဟာအသီးသီးမှာ တိုက်ပွဲတွေဖြစ်လာတဲ့အတွက် ကရင်ပြည်နယ်အတွင်းမှာ ဒုက္ခသည်နောက်ထပ် ၇ သောင်းလောက် တိုးလာတယ်လို့လည်း ကေအန်ယူဘက်က သတင်းထုတ်ပြန်ထားပါတယ်ရှင်။

[https://burmese.voanews.com/a/knu-laykaykaw-militarycoup-ေကအဲန္ယူတပ္မဟာ၆-ေလးေက့ေကာ္-ျမဝတီ-စစ္ေကာင္စီ-တပ္အင္အားတိုး-ဗီြအိုေအ-ဒူးပလာယာခ၀ုိင္/6480515.html](https://burmese.voanews.com/a/knu-laykaykaw-militarycoup-ေကအဲန္ယူတပ္မဟာ၆-ေလးေက့ေကာ္-ျမဝတီ-စစ္ေကာင္စီ-တပ္အင္အားတိုး-ဗီြအိုေအ-ဒူးပလာယာခ၀ုိင္/6480515.html)

-----------------------------------------------------------------------------------------------

## ကေအန်ယူ တပ်မဟာ ၆ နယ်မြေအတွင်း စစ်ကောင်စီက တပ်အင်အားထပ်ဖြည့်

Published By DVB | 11 March, 2022



စစ်ကောင်စီတပ်တွေ မတ်လ ၁၃ ရက်နေ့ နောက်ဆုံးထားပြီး ဆုတ်ခွာပေးဖို့ အသိပေး အကြောင်းကြားထားပေမယ့် မဆုတ်ခွာဘဲ အင်အားတွေ ထပ်ဖြည့်လာနေတယ်လို့ ကေအန်ယူ တပ်မဟာ ၆ က တာဝန်ရှိသူတဦးက ပြောပါတယ်။

ကေအန်ယူ တပ်မဟာ ၆ နယ်မြေ၊ ဒူးပလာယာခရိုင်၊ လေးကေ့ကော်ဒေသနဲ့ ဒေါနအရှေ့ခြမ်း ကော့ကရိတ်ခရိုင်အတွင်း ဝင်ရောက်တပ်စွဲထားတဲ့ စစ်ကောင်စီတပ်တွေ ဆုတ်ခွာဖို့ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဆီ ကေအန်ယူဘက်က အသိပေးအကြောင်းကြားစာ ပေးပို့ သတိပေးထားတာပါ။

ကေအန်ယူ တပ်မဟာ ၆ တပ်က တပ်ခွဲ (၂) တပ်ခွဲမှူး ဟယ်ရီက "ကျနော်တို့က သူတို့ကို ထုတ်ပြန်စာ ပေးပြီးပြီလေ။ ထုတ်ပြန်စာပေးပြီးတဲ့ဟာကို သူတို့က ပြန်မဆင်းတဲ့အပြင် ပိုပြီးတော့မှ အင်အားဖြည့်လာတယ်ဆိုတော့ ဒါ ကျနော်တို့အတွက် လုပ်စရာ တခုပဲ ရှိတော့တယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို အချိန် ၃ ရက်ပေးထားတယ်။ ၁၃ ရက်နေ့မှာ ကုန်မယ်ပေါ့နော်။ အဲဒါကိုမှ သူတို့က မလိုက်နာနိုင်ဘူး၊ သူတို့က ဒီတိုင်းပဲ ဆက်နေမယ်ဆိုရင်တော့ ဖြစ်လာတဲ့ အကျိုးဆက်မှန်သမျှကတော့ ဘယ်လိုပြောရမလဲဆိုတော့ တခုခုဖြစ်သွားလို့ရှိရင်တော့ ကျနော်တို့ဘက်က အဆိုးမဆိုနဲ့ပေါ့" လို့ ပြောပါတယ်။

တိုက်ပွဲဖြစ်ပွားရာ ဒေသတွင်းက ကျေးရွာတွေမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်တွေဟာ ပြည်သူလူထုရဲ့ အိုးအိမ်ပစ္စည်းတွေကို အဓမ္မသိမ်းယူတာ၊ ဖျက်ဆီးတာတွေ လုပ်ဆောင်နေတဲ့အတွက် ကျေးရွာတွေမှာ ပြန်လည်နေထိုင်ဖို့ ပြည်သူတွေ ကြောက်ရွံ့နေတယ်လို့ ဆိုပါတယ်။

ကရင်အမျိုးသားပြည်သူတွေ ရင်ဆိုင်နေရတဲ့ ဒုက္ခတွေနဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို ကာကွယ်ကူညီဖြေရှင်းဖို့ ကေအန်ယူမှာ တာဝန်ရှိပြီး ပြည်သူတွေ အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ဖို့ လေးကေ့ကော်ဒေသနဲ့ ကော့ကရိတ်တောင်ပိုင်း ဒေသတွင်းက စစ်ကောင်စီတပ်ဖွဲ့တွေ ပြန်လည်ဆုတ်ခွာဖို့ အသိပေးခဲ့တာပါ။

ဒီလိုသတိပေးထားပေမယ့် လေးကေ့ကော်ဒေသမှာ တိုက်ပွဲတွေ ဖြစ်ပွားနေပြီး စစ်ကောင်စီဘက်က လေကြောင်းကနေ နေ့စဉ်လို တိုက်ခိုက်နေတယ်လို့ တပ်ခွဲမှူး ဟယ်ရီက ပြောပါတယ်။

မတ်လ ၉ ရက်နေ့တုန်းက စစ်ကောင်စီဘက်က လေကြောင်းတိုက်ခိုက်စဉ် သူတို့လက်အောက်ခံ BGF တပ် ဗိုလ်မှုတ်သုန်ရဲ့စခန်းကို ပစ်ခတ်ခဲ့လို့ BGF တပ်ဖွဲ့ဝင် ၄ ဦး သေဆုံးပြီး ထိခိုက်ဒဏ်ရာရသူတချို့ ရှိတယ်လို့ ဆိုပါတယ်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်က စတင်ပြီး စစ်ကောင်စီတပ်ဖွဲ့တွေက ဒေါနတောင် အရှေ့ခြမ်းက လေးကေ့ကော်ဒေသနဲ့ ဒေါနတောင်အနောက်ခြမ်းက ကော့ကရိတ်တောင်ပိုင်း ကျေးရွာတွေကို ထိုးစစ်ဆင်တိုက်ခိုက်တာတွေကြောင့် ဒေသခံ ပြည်သူတွေ ကျေးရွာတွေကို စွန့်ခွာထွက်ပြေးနေရ ပါတယ်။

https://burmese.dvb.no/archives/521598

-----------------------------------------------------------------------------------------------------

## ဒုက္ခသည်တွေအတွက် ထောက်ပံ့ရေးလမ်းကြောင်း စစ်ကောင်စီပိတ်ဆို့

11 မတ်၊ 2022 | ဗွီအိုအေမြန်မာဌာန

မြန်မာနိုင်ငံမှာ အထူးသဖြင့် တိုင်းရင်းသားဒေသတွေကို စစ်ကောင်စီကနေ လေကြောင်းကနေပါ တိုက်ခိုက်နေတဲ့အတွက် လက်နက်ကိုင် ပဋိပက္ခတွေ ဆက်လက်ဖြစ်ပွားနေပါတယ်။ အဲဒီအထဲမှာမှ

ကယားပြည်နယ်ဟာ တောတောင်တွေထူထပ်ပြီး စစ်ဆေးရေးဂိတ်တွေကြောင့် IDP ပြည်တွင်း စစ်ပြေးဒုက္ခသည်တွေဆီကို အကူအညီပေးရေး လုပ်ငန်းတွေဟာ နှေးကွေးနေပါတယ်။ ဒီအကြောင်းတွေကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့ကနေ Steve Sandford က VOA အတွက် သတင်းပေးပို့ထားတာကို ကိုခင်မောင်စိုးမင်းက ပြောပြပေးမှာပါ။

မြန်မာနိုင်ငံအရှေ့ပိုင်း ကယားပြည်နယ်မှာ စစ်ကောင်စီတပ်ဖွဲ့တွေက လေကြောင်းကနေ အရပ်သား နဲ့ စစ်ရေးပစ်မှတ် မခွဲခြားပဲ တိုက်ခိုက်နေပါတယ်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီတပ်ဖွဲ့တွေနဲ့ ဒေသကာကွယ်ရေးတပ်ဖွဲ့တွေ အကြား တိုက်ပွဲတွေ ဆက်တိုက်ဖြစ်ပွားနေကြတဲ့အတွက် ကယားပြည်နယ်မှာ IDP ပြည်တွင်းစစ်ပြေးဒုက္ခသည်တွေ ၂ သိန်းနီးပါးရှိမယ်လို့ သူတို့ကို အကူအညီပေးနေကြတဲ့ အဖွဲ့အစည်းတွေက မတ်လ ၇ ရက်နေ့က ခန့်မှန်းခဲ့ကြပါတယ်။ ပြည်တွင်းစစ်ရှောင်ဒုက္ခသည်တွေနဲ့ ပတ်သက်ပြီး ကရင်နီတိုင်းရင်းသားပေါင်းစုံ ကာကွယ်ရေးတပ်ဖွဲ့ က Bee Dhu အခုလိုပြောပါတယ်။

" ပြည်တွင်းစစ်ပြေးစစ်ရှောင် အဲဒီလူတွေ တော်တော်ကို ဒုက္ခရောက်ကြတယ်။ အမိုးအကာတွေနဲ့ မနေနိုင်ကြဘူး။ အစားအစာတွေလည်း မလုံလောက်ကြဘူး။ စစ်ကောင်စီတပ်တွေကြောင့် ဈေးကိုလည်း သွားမဝယ်နိုင်ကြဘူး။ စစ်ကောင်စီတပ်တွေက အဓိကလမ်းတွေကို ပိတ်ဆို့ပြီး ထောက်ပန့်ရေးလမ်းတွေကို ဖြတ်ထားကြတယ်။ ဒါကြောင့် အခုဆိုရင် ဓါတ်ဆီတွေ ဈေးတက်၊ အစားစာတွေ ၊ ဆေးဝါးတွေ မလုံမလောက်ဖြစ်နေပါတယ် "

ထိုင်း၊ မြန်မာနယ်စပ်မှာရှိကြတဲ့ အကူအညီပေးရေးအဖွဲ့အစည်းတွေက ထိုင်းနိုင်ငံဖက်ကို ထွက်ပြေးလာကြတဲ့ ဒုက္ခသည်တွေကိုတော့ အကူအညီတွေ ဆက်လက်ပေးနေကြပါတယ်။ ဒါပေမဲ့လည်း မြန်မာစစ်ကောင်စီကတော့ အတိုက်အခံအားလုံးကို အကြမ်းဖက်သမားလို့သတ်မှတ်ထားတဲ့အတွက်ကြောင့် အကူအညီပေးရေးအဖွဲ့အစည်းတွေအနေနဲ့လည်း စစ်ပြေးဒုက္ခသည်တွေကို အထောက်အပန့်တွေပေးနေတာဟာ ရာဇဝတ်မှုကျူးလွန်တဲ့လုပ်ရပ်လို့ စွပ်စွဲခံရမယ့် အန္တရာယ်လည်းရှိကြပါတယ်။ မေတ္တာ ပရဟိတအဖွဲ့ရဲ့ ဒါရိုက်တာ Johny Adhikari က သူရဲ့အတွေ့အကြုံကို အခုလိုပြောပါတယ်။

" အကူအညီပေးဖို့ အတွက် တော်တော်ကိုခက်ခဲပါတယ်။ ဘာလိုဆိုတော့ စစ်ကောင်စီ စစ်ဆေးရေးဂိတ်တွေက လမ်းတိုင်းမှာ အများကြီးပဲ။ ဒါအပြင် IDP ပြည်တွင်းစစ်ရှောင်တွေကို အကူအညီပေးရင် ထောင်ကျနိုင်တယ်။ ဘာလိုဆိုတော့ IDP တွေကို အကူအညီပေးတာ စစ်ကောင်စီက မကြိုက်ဖူး"

ထိုင်းနိုင်ငံမှာ နေထိုင်နေကြတဲ့ ကယားလူမျိုးစု ဒုက္ခသည်တွေက အခုမြန်မာပြည်ကနေ ထွက်ပြေးလာကြတဲ့ သူတို့ရဲ့ မိသားစုဝင်တွေကို ကူညီထောက်ပန့်မှုတွေ တိုးပြီးလုပ်ဆောင်နေကြရပါတယ်။

ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့မှာ နေထိုင်ပြီး စေတနာဝန်ထမ်းကူညီပေးနေတဲ့ Naw Dar Dar က ထွက်ပြေးလာနေကြတဲ့ သူရဲ့ ဆွေမျိုးသားချင်းတွေဆီကနေ စစ်ပြေးဒုက္ခသည်တွေဟာ အရေးပေါ် အထောက်အပန့်တွေလိုအပ်နေကြတယ်ဆိုတဲ့ သတင်းအချက်အလက်တွေ ရရှိနေတယ်လို့ပြောပါတယ်။

" စစ်ပြေးဒုက္ခသည်တွေမှာ စခန်းချဖို့နေရာမရှိဘူး၊ သူတို့မရပ်ပဲ ဆက်ပြေးနေရတယ်။ လေကြောင်းကနေ တိုက်ခိုက်နိုင်တယ်လို့ စိုးရိမ်းစိတ်တွေရှိတဲ့အတွက် သူတို့မအိပ်နိုင်ကြဘူး"

မြန်မာနိုင်ငံအတွင်းမှာ ပဋိပက္ခတွေ ဆက်လက်ဖြစ်ပွားနေတဲ့အတွက် ဒီအကြပ်အတည်းကနေ လွတ်မြောက်အောင်လို့ အရပ်သားပြည်သူတွေက ပြင်ပက အကူအညီတွေတောင်းဆိုနေကြပါတယ်။

https://burmese.voanews.com/a/myanmar-idp-ethnic-area/6479697.html

---